# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

Myanmar Investment Commission

## အမှတ်စဉ် ( ၁၅/ ၂၀၁၉ )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၅/ ၂၀၁၉) အား ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၁၄) ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၃)ခု၊ အတည်ပြုလုပ်ငန်း (၇)ခု စုစုပေါင်း (၁၀)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၃)ခု၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၆)ခုနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု လုပ်ငန်း(၁)ခု ခွင့်ပြုခဲ့ပါသည်။

ယခုအစည်းအဝေးကာလ အတွင်း စုစုပေါင်းလုပ်ငန်း (၁၀)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄၃.၇၇၁) သန်း ကို ခွင့်ပြု/ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၅,၆၁၉)ဦး ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည် ပြုလုပ်ငန်း (၁၀)ခုမှာ စက်မှုကဏ္ဍမှ(၉)ခုနှင့် မွေးမြူရေး/ ရေလုပ်ငန်းမှ (၁)ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၁၄) ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၆၂)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂,၅၉၄.၅၄၄) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃,၉၅၉.၆၄၀) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ စက်တင်ဘာလ (၁၄) ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံ မှုပမာဏ အမေရိကန်ဒေါ်လာ (၃၆၂.၂၈၀) သန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ စက်တင်ဘာလ (၁၄) ရက်နေ့အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄,၃၂၁.၉၂၀) သန်းဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်း (၇)ခု၊ အတည်ပြုလုပ်ငန်း (၆)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်း

များအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၇)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၁)ခု၊ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု၊ ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု ခွင့်ပြုပေးခဲ့ပါသည်။

အဆိုပါလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၄၀.၇၈၅)သန်း အပါအဝင် ကျပ် (၂၉၉,၈၉၈.၇၉၅)သန်း ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၆၀၆)ဦးကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြုလုပ်ငန်း (၁၃)ခုမှာ စက်မှုကဏ္ဍမှ (၃)ခု၊ အိမ်ယာကဏ္ဍမှ (၃)ခု၊ ဟိုတယ်ကဏ္ဍမှ (၃)ခု၊ လျှပ်စစ်ကဏ္ဍမှ (၁)ခု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ (၁)ခု၊ လယ်ယာကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ (၁)ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ စက်တင်ဘာလ (၁၄)ရက်နေ့အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁၆၅)ခု၊ အမေရိကန်ဒေါ်လာ (၃၇၆.၆၁၉)သန်း အပါအဝင် ကျပ် (၁,၄၁၆,၅၁၈.၂၇၁)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၄၆၉.၇၈၆) သန်း အပါအဝင် ကျပ် (၁,၆၇၇,၃၄၃.၃၁၀) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm